# လူသားချင်း စာနာမှုဆိုင်ရာ သတင်းလွှာ

မြန်မာနိုင်ငံ

အတွဲ ၃ | ဧပြီ ၂၀၁၄

OCHA

## အဓိက ဖြစ်စဉ်များ

- ကချင်ပြည်နယ်တွင် ပြန်လည်ဖြစ်ပွားသော တိုက်ပွဲများ ကြောင့် လူဦးရေ ၂,၇၀၀ ကျော် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရပြီး ကူညီထောက်ပံ့မှုများကို ဒေသခံ အဖွဲ့များမှ ဦးဆောင် ပေးလျှက်ရှိသည်။
- ရခိုင်ပြည်နယ်တွင် လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းများ ပြန်လည်စတင်နေပြီး ရုံးအဆောက်အဦနှင့် ဝန်ထမ်းများ အတွက် နေအိမ်များ လိုအပ်ဆဲ ဖြစ်သည်။
- ကျန်းမာရေး ဝန်ကြီးဌာနမှ အလျှင်အမြန် တုန့်ပြန်ရေး အဖွဲ့များကို ရခိုင်ပြည်နယ်သို့ စေလွှတ် ပေးခဲ့သည်။ သို့သော် စိန်ခေါ်မှုများ မှာကြီးမားနေပြီး တုန့်ပြန်ရေးအတွက် အဓိက ကွက်လပ်များ ရှိဆဲဖြစ်သည်။
- ရခိုင်ပြည်နယ် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများတွင် မသန့်ရှင်းသော ရေကြောင့် ဖြစ်သည့် ရောဂါများ၏ အန္တရာယ် မြင့်မား လာနိုင်သည်။
- မိုးရာသီ မကျရောက်မီ သဘာဝ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုများ ကို အားစိုက်ဆောင်ရွက်လျှက် ရှိသည်။

## အဓိက ကိန်းဂဏန်းများ

ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု ဆိုင်ရာ အထောက်အပံ့ပေးအပ်ရန် ဦးတည်ထားသည့် လူဦးရေ

| | |
|---|---|
| နေရပ်စွန့်ခွာ တိမ်းရှောင်သူများ* | ၁၄၆,၀၀၀ |
| စားနပ်ရိက္ခာ ရရှိရန် ခက်ခဲသူများ | ၇၀,၀၀၀ |
| သီးသန့်နေထိုင်ရသူများ | ၅၀,၀၀၀ |
| ရပ်ရွာခံ လူထု အသိုင်းအဝိုင်းများမှ ကူညီစောင့်ရှောက်သူများ | ၅၀,၀၀၀ |

ကချင်ပြည်နယ်တွင် လူသားချင်းစာနာမှု ဆိုင်ရာ အထောက်အပံ့ပေးအပ်ရန် ဦးတည်ထားသည့် လူဦးရေ

| | |
|---|---|
| နေရပ်စွန့်ခွာ တိမ်းရှောင်သူများ* | ၉၆,၀၀၀ |
| ရပ်ရွာခံ လူထု အသိုင်းအဝိုင်းများမှ ကူညီစောင့်ရှောက်သူများ | ၂၀,၀၀၀ |

ကိုးကား ။ UNHCR, OCHA, CCCM

*UNHCR (CCCM) figures on 30 April.



ကချင်ပြည်နယ်၊ ဂျယန်း IDP စခန်းမှ IDP အမျိုးသမီးတစ်ဦး
ဓါတ်ပုံ-OCHA၊ ၂၀၁၄

ဤစာစောင်တွင်


ကချင်ပြည်နယ်တွင် ပြန်လည်ဖြစ်ပွားသော တိုက်ပွဲများ စာ-၁

ရခိုင်ပြည်နယ်တွင် ကူညီထောက်ပံ့မှုများ ပြန်လည် စတင် စာ-၃

ရခိုင်ပြည်နယ်ရှိ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကွက်လပ်များ စာ-၄


သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ စာ-၅


## ကချင်ပြည်နယ်တွင် တိုက်ပွဲများကြောင့် လူထောင်ပေါင်းများစွာ နေရပ်စွန့်ခွာ

ဧပြီလ ၁၀ရက်နေ့တွင် ကချင်ပြည်နယ် တောင်ပိုင်း၊ မန်းဝိန်းကြီးမြို့နယ်အနီး၌ မြန်မာ့ တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ) တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။ တိုက်ပွဲများမှာ ရက်သတ္တပတ် တစ်ပတ်ခန့် ဆက်လက်ဖြစ်ပွားခဲ့ပြီး တိုက်ပွဲဖြစ်ပွားရာ ဧရိယာအတွင်းရှိ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်များတွင် တည်ရှိသော ကျေးရွာများအပေါ် အကျိုး သက်ရောက်ခဲ့သည်။ လူဦးရေ ၂,၇၀၀ကျော် တို့မှာ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာခဲ့ရသည်။ အများစုမှာ ယခင်ကတည်းက နေရပ်မှစွန့်ခွာ တိမ်းရှောင်ခဲ့ရသူများဖြစ်ပြီး တိုက်ပွဲဖြစ်ပွားသည့် နေရာအနီး တည်ရှိနေသော နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းများတွင် နေထိုင်ကြသူများဖြစ်သည်။ အတည်မပြုနိုင်သော လူဦးရေတို့မှာ နယ်စပ်ကိုဖြတ်ကျော်၍ တရုတ်နိုင်ငံတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ဧပြီလနှောင်းပိုင်းတွင် တိုက်ပွဲသစ်များ ဆက်လက် မဖြစ်ပွားသော်လည်း ဧရိယာအတွင်းတွင် အခြေအနေမှာ ဆက်လက် တင်းမာဆဲ ဖြစ်ပြီး မိုင်းပေါက်ကွဲမှုများနှင့် လုံခြုံရေးဆိုင်ရာ ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူတို့အား မန်းဝိန်းကြီးနှင့် နမ့်ခမ်းရှိ စခန်းလေးခုတွင် လက်ခံစောင့်ရှောက်ထားလျှက်ရှိသည်။

**လူသားချင်းစာနာမှု ဆိုင်ရာ တုန့်ပြန်မှုကို ဒေသခံ အဖွဲ့အစည်းများမှ ဦးဆောင်လျှက်ရှိသည်။**

ဒေသခံအဖွဲ့အစည်းများသည် ဤဖြစ်ရပ်အတွက် လူသားချင်း စာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဦးဆောင် ဖြည့်ဆည်းပေးလျှက်ရှိသည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူ အသစ်များနှင့် ထပ်မံ နေရပ်စွန့်ခွာ တိမ်းရှောင်ရသူများအတွက် စားနပ်ရိက္ခာ ဆိုင်ရာ ကူညီထောက်ပံ့မှုများ ကိုပေးအပ်ခဲ့သည်။ အချို့ မိသားစုများကို ငွေကြေးထောက်ပံ့မှုများ ပေးအပ်ခဲ့သည်။ မိသားစု ၄၀၀ ခန့်အတွက် ချက်ချင်း နေထိုင်နိုင်မည့် အရေးပေါ်တဲများ ထောက်ပံ့ခဲ့သည်။ ကျန်ရှိသော မိသားစုများမှာ ရှိပြီး ယာယီတဲများ တွင်လည်းကောင်း၊ ကူညီ စောင့်ရှောက်သူ မိသားစု များနှင့် လည်းကောင်း နေထိုင်လျှက်ရှိသည်။ ရေနှင့် တကိုယ်ရည် သန့်ရှင်းမှုဆိုင်ရာ ပစ္စည်းများ ကိုလည်း ထောက်ပံ့ခဲ့သည်။ ယာယီ ကျန်းမာရေး စောင့်ရှောက် မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး ကြီးမားသည့် ကျန်းမာရေးဆိုင်ရာ စိုးရိမ်ဖွယ်ရာများ ဖြစ်ပွားခဲ့ခြင်း မရှိဟုလည်း သိရှိရသည်။




ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း နေရပ်စွန့်ခွာ တိမ်းရှောင်မှုပြမြေပုံ
ကိုးကား-OCHA၊ ဧပြီ ၂၀၁၄

**အရေးပေါ် လိုအပ်ချက်များအတွက် ကူညီထောက်ပံ့မှုများ ပိုမိုရရှိရန်လိုအပ်**

ဧပြီလ ၂၄-၂၅ ရက်နေ့တို့တွင် လိုအပ်ချက်ဆိုင်ရာ စစ်တမ်းကောက်ယူခြင်း လုပ်ငန်းကို ဒေသခံ အဖွဲ့အစည်းများဖြစ်သော မေတ္တာ၊ ကရုဏာမြန်မာ လူမှုဝန်ဆောင်မှုအဖွဲ့ (ကေအမ်အက်စ်အက်စ်) တို့၏ ပါဝင်ပူးပေါင်းမှုနှင့်အတူ OCHA၊ UNFPA၊ UNICEF၊ UNHCR၊ WFP၊ Save the Children၊ Danish Refugee Council အဖွဲ့တို့မှ ဆောင်ရွက်ခဲ့သည်။ ကနဦးတွေ့ရှိချက်များအရ မိသားစု ၃၀၀ မှ ၄၀၀ တို့အတွက် ယာယီတဲများ လိုအပ်ကြောင်း ဖေါ်ပြသည်။ လက်ရှိနေထိုင်လျှက်ရှိသော မန်းဝိန်းကြီးနှင့် နမ့်ခမ်းရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများတွင် လူဦးရေ ထူထပ်များပြားလျှက် ရှိပြီး တဲစခန်းများ ထပ်မံဆောက်လုပ်ရန် နေရာအခက်အခဲ ရှိသည်။ လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့များမှ နေရပ်စွန့်ခွာတိမ်းရှောင်သူ အသစ်များအား နေရာချထားပေးနိုင်မည့် လုံခြုံသင့်လျော်သည့် နေရာသစ်များကို ကြိုးစားရှာဖွေပေးလျှက်ရှိသည်။

စစ်တမ်းကောက်ယူမှုဆိုင်ရာ တွေ့ရှိချက်များအရ ထပ်မံများပြားလာသော လူဦးရေကြောင့် စခန်းများတွင် ရေပေးဝေမှု နေရာများ၊ သန့်စင်ခန်းများ၊ ရေချိုးရန်နေရာများ၊ တကိုယ်ရည် သန့်ရှင်းမှုဆိုင်ရာ အသုံးအဆောင်များ လုံလောက်မှု ရှိစေရန်အတွက် ထပ်မံလိုအပ်ကြောင်းကို အတည်ပြုပေးခဲ့သည်။ အရေးပေါ်သန့်စင်ခန်းများ၊ ရေချိုးရန် နေရာများ နှင့် ရေတွင်းများ ဆောက်လုပ်တူးဖေါ်ခြင်းကို စတင်ဆောင်ရွက်ပေးလျှက်ရှိသည်။

**စိတ်ဒဏ်ရာရရှိသူများနှင့် အန္တရာယ် ကျရောက်လွယ်သူများအား အထူးဂရုပြုပေးရန် လိုအပ်**

*ယခုနောက်ဆုံး နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသူ အများစုမှာ ၂၀၁၁ နိုဝင်ဘာလတွင် ကချင်ပြည်နယ် တောင်ပိုင်းရှိ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသူများ ဖြစ်ကြပြီး ဒုတိယအကြိမ် သို့မဟုတ် တတိယအကြိမ်မြောက် တိမ်းရှောင်ခဲ့ရခြင်းဖြစ်သည်။*

ယခုနောက်ဆုံး နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသူ အများစုမှာ ၂၀၁၁ နိုဝင်ဘာလတွင် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသူများ ဖြစ်ကြသည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူများစွာသည် နေရာအသစ်တစ်ခုသို့ တတိယအကြိမ်မြောက် တိမ်းရှောင်ခဲ့ရခြင်း ဖြစ်သည်။ နောက်ဆုံးပြုလုပ်ခဲ့သော စစ်တမ်းကောက်ယူမှုမှ နာမကျန်းသူများ၊ အသက်အရွယ် ကြီးမြင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ လူမမယ် အရွယ် ကလေးငယ် နှင့် မိခင်များ အများအပြားရှိပြီး အန္တရာယ် ကျရောက်လွယ်ကာ အထူးဂရုစိုက်ရန် လိုအပ်သည်ကို တွေ့ရှိရသည်။



နမ့်ခမ်းသို့ အသစ်ရောက်ရှိလာသည့် IDP မိသားစု
ဓါတ်ပုံ-OCHA၊ ဧပြီ ၂၀၁၄

စစ်တမ်းများအရ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသူများစွာ - အထူးသဖြင့် အကြိမ်ကြိမ် တိမ်းရှောင်ခဲ့ရသူများ - သည် စိတ်လူမှုကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှုများ လိုအပ်လျှက်ရှိကြောင်း ဖေါ်ပြသည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းများနှင့် နီးကပ်စွာ ဆောင်ရွက်လျှက်ရှိသည့် စစ်ရေးလုပ်ငန်းစဉ်များကြောင့် အချို့စခန်းများအတွက် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ ရှိသည်။ ကချင်ပြည်နယ်မှ လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့အစည်းများ အနေနှင့် အရပ်သားများအပေါ်တိုက်ခိုက်ခြင်းနှင့် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းများ ရရှိခြင်းအပေါ် စိုးရိမ်ပူပန်မှုများရှိသည်။ အမျိုးသမီးများနှင့် အရွယ်ရောက်စ မိန်းကလေးငယ်များမှာလည်း လိင်အကြမ်းဖက်မှုနှင့် လူကုန်ကူးခံရမှု အန္တရာယ်ရှိကြောင်းကို တွေ့ရှိရသည်။

ကလေးငယ်များမှာ အထူးအန္တရာယ်ရှိသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူ များ၏ ၄၀ ရာခိုင်နှုန်းကျော်မှာ ကလေးများနှင့် အသက် ၁၈-နှစ်အောက်များ ဖြစ်သည်။ ယခုအခါ ကျောင်းများပိတ်ထားပြီး လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့များ၏ ပြောကြားချက်အရ လုံခြုံမှုပြည့်ဝသည့် ကလေးသူငယ်များ နားနေရန် နေရာများ ကင်းမဲ့လျှက် ရှိသည်။ စာသင်နှစ်မှာ ဇွန်လ ၆ရက်တွင် ပြန်လည် စတင်မည်ဖြစ်ပြီး နေရပ်စွန့်ခွာ တိမ်းရှောင်သူ မိသားစု အသစ်များမှာ ကလေးများ ကျောင်းအပ်နှံခွင့်ရရှိရန် မရေရာမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

## ရခိုင်ပြည်နယ်မှ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းများ တစ်လကြာ ရပ်ဆိုင်းခဲ့ပြီးနောက် ပြန်လည်စတင်

ရခိုင်ပြည်နယ်ရှိ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အန်ဂျီအိုများ၏ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းအများစုမှာ မတ်လ ၂၆-၂၇တို့တွင် ရုံးများ နှင့် နေအိမ်များ တိုက်ခိုက်ခံခဲ့ရပြီးနောက် ရက်သတ္တပတ် ၄-ပတ်ကြာ ရပ်ဆိုင်းခဲ့ရသည်။ အဆိုပါတိုက်ခိုက်မှုများမှ ကြီးမားသော ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့ပြီး လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့ ဝန်ထမ်း ၃၀၀ ကျော်တို့ကို မဖြစ်မနေ ယာယီနေရာရွှေ့ပြောင်းခဲ့ရသည်။ ရပ်ဆိုင်းခဲ့ရသည့် ကာလအတွင်းတွင် အရေးအကြီးဆုံး လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းစဉ်အချို့ကို ဒေသခံ အာဏာပိုင်တို့၏ ပံ့ပိုးမှုနှင့် ဆက်လက် ဆောင်ရွက်နိုင်ခဲ့သော်လည်း အများစုမှာ များစွာလျော့ချဆောင်ရွက်ခဲ့ရသည်။

စားနပ်ရိက္ခာ ဖြန့်ဖြူးမှုလုပ်ငန်းကို ဒေသခံအာဏာပိုင်များ၏ ပံ့ပိုးမှုနှင့် ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။ အစိုးရမှလည်း အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားအရေးကြီးသည့် အသက်ကယ် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအတွက် ကျန်းမာရေး ဝန်ကြီးဌာနနှင့် အခြား နိုင်ငံတော်အဖွဲ့အစည်းများ မှတဆင့် ကြားဖြတ် အစီအစဉ်များ ချမှတ် ဆောင်ရွက်ခဲ့သည်။ ICRC ၏ ပံ့ပိုးမှုနှင့် ကျေးလက်ဖွံ့ဖြိုးမှုဌာနမှ ပေါက်တောရှိ ဝေးလံပြီး ရေရှားပါးမှု အန္တရာယ် ရင်ဆိုင်နေရသည့် စခန်းများအတွက် သောက်သုံးရေသန့်များ ထောက်ပံ့ပေးခဲ့သည်။ စစ်တွေနှင့် ပေါက်တောရှိ စခန်းများတွင် အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ အရေးပေါ်လုပ်ငန်းစဉ် အချို့ကို ဆက်လက် ဆောင်ရွက်နိုင်ခဲ့သည်။ မရှိမဖြစ်လုပ်ငန်းများအား ဆက်လက် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မတ်လ ၂၆-၂၇ တိုက်ခိုက်မှု မဖြစ်စဉ် ကာလက ဆောင်ရွက်နိုင်ခဲ့သော လုပ်ငန်းများထက် များစွာလျော့နည်းသွားခဲ့သည်။

အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့မှ ပုံမှန်အစည်းအဝေးများမှတဆင့် သတင်းအချက်အလက်များ မျှဝေခြင်း၊ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲ များအား ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး၊ ပြည်နယ်အဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ ဥက္ကဌ ၏ ခွင့်ပြုချက်အရ လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့အစည်း အများစုသည် ဧပြီလ ၂၄ရက်နေ့မှ စ၍ လုပ်ငန်းများ ပြန်လည်စတင်နိုင်ခဲ့သည်။ သို့သော် နိုင်ငံတကာ အန်ဂျီအို အဖွဲ့နှစ်ဖွဲ့ဖြစ်သော နယ်စည်းမခြား ဆရာဝန်များအဖွဲ့ (MSF/Holland) နှင့် Malteser တို့မှာ တင်းမာမှုများ ဆက်လက် ရှိနေသည့်အတွက် လုပ်ငန်းများ ပြန်လည်စတင်ခြင်း မပြုလုပ်ရန် ညွှန်ကြားခံခဲ့ရသည်။ အဆိုပါ နိုင်ငံတကာ အန်ဂျီအို နှစ်ဖွဲ့၏ အခြေအနေကို ဖြေရှင်းရန် အာဏာပိုင်များနှင့် ဆွေးနွေးမှုများ ဆက်လက် ပြုလုပ်ဆဲဖြစ်သည်။ ဖေဖော်ဝါရီလအထိ နယ်စည်းမခြားဆရာဝန်များ အဖွဲ့မှာ ရခိုင်ပြည်နယ်ရှိ နိုင်ငံတကာ အန်ဂျီအိုများအနက် အကြီးမားဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးသည့် အဖွဲ့ဖြစ်ပြီး Malteser အဖွဲ့မှာ ဒုတိယ ဖြစ်သည်။ အဆိုပါအဖွဲ့ နှစ်ဖွဲ့၏ လုပ်ငန်းများ ရပ်ဆိုင်းထားရခြင်းသည် ကျန်းမာရေးကဏ္ဍ အပေါ် ကြီးမားသည့် အကျိုးသက်ရောက်မှုရှိ သည့်အပြင် ရေနှင့်တကိုယ်ရေသန့်ရှင်းရေး ကဏ္ဍတွင်လည်း အကျိုး သက်ရောက်မှုရှိသည်။

ဝန်ထမ်းများ စစ်တွေသို့ ပိုမိုပြန်လည် ရောက်ရှိလာသည်နှင့်အမျှ လူသားချင်းစာနာမှု လုပ်ငန်းစဉ်များအား အဆင့်ဆင့် ပြန်လည် တိုးမြှင့်ဆောင်ရွက်လာခဲ့သည်။ သို့သော် အဖွဲ့အစည်း အများအပြားမှာ သင့်တော်သည့် နေအိမ်နှင့် ရုံးအဆောက်အဦများ တွေ့ရှိနိုင်ခြင်း မရှိသေးသည့်အတွက် မတ်လတွင် စစ်တွေမှ ထွက်ခွာသွားသူ ဝန်ထမ်း စုစုပေါင်း၏ ၅၀ရာခိုင်နှုန်း အောက်သာ ဧပြီလကုန်တွင် စစ်တွေသို့ ပြန်လည်ရောက်ရှိသည်။ လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့များသည် လုပ်ငန်းစဉ်များ ပြန်လည်စတင်ရာတွင် နည်းလမ်းသစ်ကို ကျင့်သုံးလျှက်ရှိပြီး လိုအပ်ချက်များအား ဆန်းစစ်ဖြည့်ဆည်းရာတွင် ဒေသခံ အာဏာပိုင်များ၊ လူထုများနှင့် ပိုမိုနီးကပ်စွာ လက်တွဲ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းအားထုတ်လျှက်ရှိသည်။

The Lutheran World Federation အဖွဲ့သည် စစ်တွေမြို့နယ်တွင်းရှိ ဦးစားပေးဖြစ်သော နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်း အားလုံးအတွက် စခန်းစီမံခန့်ခွဲမှုအဖွဲ့ သို့မဟုတ် ဦးတည်ဆက်သွယ်ရန် ပုဂ္ဂိုလ်ရှိစေရန် နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်း ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းလွှမ်းခြုံမှုကို တိုးချဲ့ခဲ့သည်။ သို့သော် ပေါက်တောမြို့နယ်ရှိ လူဦးရေ တစ်သောင်းကျော်ရှိသော စခန်း ၂-ခုအတွက် နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်း ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အဓိကကွက်လပ်များ ရှိနေဆဲ ဖြစ်သည်။

လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့များသည် စောင့်ကြည့်မှုလုပ်ငန်း အများအပြားကို ပြန်လည်ဆောင်ရွက်ခဲ့ပြီး အရေးကြီးသော လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ ပြန်လည် စတင်နိုင်ခဲ့သော်လည်း နေရပ်စွန့်ခွာ တိမ်းရှောင်သူတို့၏ လိုအပ်ချက်များစွာကို ပြည့်မီရန် လိုအပ်နေသေးကြောင်းကို လူသားချင်းစာနာမှုဆိုင်ရာ ဝန်ထမ်းများက တင်ပြခဲ့ကြသည်။

**စားနပ်ရိက္ခာဖြန့်ဖြူးမှုလုပ်ငန်း ပြတ်တောက်မှုမရှိ**

မတ်လ ၂၆-၂၇တွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုများကြောင့် World Food Programme (WFP) ၏ ရုံး အဆောက်အဦ၊ သိုလှောင်ရုံ၊ မော်တော်ယာဉ်၊ လှေ နှင့် အခြားအသုံးအဆောင်များ ကြီးမားစွာ ထိခိုက်ပျက်စီး ခဲ့သော်လည်း အစိုးရ အာဏာပိုင်များ၏ ပံ့ပိုးမှုနှင့်အတူ ရခိုင်ပြည်နယ်တွင် စားနပ်ရိက္ခာဖြန့်ဖြူးမှု ပြတ်တောက်ခြင်း မရှိစေရန် ဆောင်ရွက်နိုင်ခဲ့သည်။ WFP မှငှားရမ်းထားသော သယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်များမှ လုံခြုံရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုတို့ကြောင့် စခန်းများသို့ စားနပ်ရိက္ခာပို့ဆောင်ပေးရန် ဝန်လေးခဲ့သဖြင့် အစိုးရမှ မော်တော်ယာဉ် များ နှင့် လုံခြုံရေး အစောင့်အရှောက်တို့ကို စီစဉ်ပေးခဲ့သည်။

## ရခိုင်ပြည်နယ်ရှိ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကွက်လပ်များ

*ကျန်းမာရေး ဝန်ကြီးဌာနမှ အလျှင်အမြန် တုန့်ပြန်ရေး ဆိုင်ရာ အဖွဲ့များကို ဧပြီ လဆန်းတွင် ကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာ အဖွဲ့ဝင် ၂၀ဦးခန့် နှင့် ဆောင်ရွက်နေရာမှ ဒေသခံ၊ နိုင်ငံတကာ အန်ဂျီအိုတို့နှင့် ပူးပေါင်းကာ ဧပြီလကုန်တွင် အဖွဲ့ဝင် ၈၃ဦးထိ တိုးမြှင့် ဆောင်ရွက်ခဲ့သည်။ သို့သော် ကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာ ကွက်လပ်များ ရှိနေဆဲ ဖြစ်သည်။*

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေးအစုအဖွဲ့တို့မှ ကျန်းမာရေးကဏ္ဍတွင် အသက်ကယ်လုပ်ငန်းများ အားလုံး ဆက်လက်ဆောင်ရွက်နိုင်စေရန် ပူးပေါင်းချိတ်ဆက်၍ အားထုတ်မှုများ ပြုလုပ်ခဲ့သော်လည်း နယ်စည်းမခြား ဆရာဝန်များအဖွဲ့၏ လုပ်ငန်းများ ဖေဖော်ဝါရီလတွင် ရပ်ဆိုင်းခဲ့ရခြင်း၊ ကုလသမဂ္ဂနှင့် အန်ဂျီအိုအဖွဲ့များ၏ လုပ်ငန်းများ မတ်လ ၂၆-၂၇ ဖြစ်စဉ် ဖြစ်ပွားပြီးနောက် တစ်လတာ အဟန့်အတားဖြစ်ခဲ့ခြင်း တို့ကြောင့် အန္တရာယ် ကျရောက်လွယ်သူ နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းများနှင့် ရခိုင်ပြည်နယ်ရှိလူဦးရေ သိန်းပေါင်းများစွာ တို့အတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆိုးရွားစွာထိခိုက်ခဲ့ရသည်။ ဝက်သက်ရောဂါနှင့် ပုံမှန် ကာကွယ်ဆေး ထိုးနှံခြင်း ဆိုင်ရာလုပ်ငန်းများ ပြည့်စုံလုံလောက်စွာ မလွှမ်းခြုံနိုင်ခြင်း၊ အဟန့်အတား ဖြစ်ခြင်းတို့ကြောင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ ထပ်မံကျရောက်လာနိုင်သည်။

ကျန်းမာရေး ဝန်ကြီးဌာနမှ အလျှင်အမြန် တုန့်ပြန်ရေးဆိုင်ရာ အဖွဲ့များကို ဧပြီလဆန်းတွင် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အဖွဲ့ဝင် ၂၀ဦးခန့်နှင့် ဆောင်ရွက်နေရာမှ ဒေသခံ၊ နိုင်ငံတကာ အန်ဂျီအိုတို့နှင့် ပူးပေါင်းကာ ဧပြီလကုန်တွင် အဖွဲ့ဝင် ၈၃ဦးထိ တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ထိုသို့တိုးမြှင့်ခဲ့သော်လည်း ဧပြီလတွင်းတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများမှာ လိုအပ်ချက်ကို မပြည့်မီနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ သတင်းအချက်အလက်များအရ သိရသည်။ ဖေဖော်ဝါရီလအထိ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များမှ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အဖွဲ့ဝင်များသည် နေရပ်စွန့်ခွာတိမ်းရှောင်မှု စခန်းများတွင် ကျန်းမာရေး စောင့်ရှောက် ဆွေးနွေးမှု ၁၈,၀၀၀ခန့်ကို လစဉ် ပြုလုပ်ပေးခဲ့သည်။ ဧပြီလတွင် ကျန်းမာရေး စောင့်ရှောက်ဆွေးနွေးမှု ၆,၀၀၀ခန့် ကိုသာ ပြုလုပ်နိုင်ခဲ့သည်။



စစ်တွေမြို့နယ်၊ ဆတ်ရိုးကျ နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းရှိ ကာကွယ်ဆေး ထိုးနှံခြင်း ဆိုင်ရာ အသိပေးလှုံ့ဆော်မှု မြေစိုက်ပိုစတာ
ဓါတ်ပုံ-OCHA၊ အောက်တိုဘာ၂၀၁၃

နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများမှ အရေးပေါ် ကုသမှုဆိုင်ရာ လိုအပ်သူများ အား အရေးပေါ်လွှဲပို့မှု ဦးရေ မှာလည်း သိသိသာသာ ကျဆင်း သွားခဲ့ သည်။ ယခင်နှစ်တွင် ပျမ်းမျှ လစဉ် ၄၅ဦးအား အရေးပေါ် ကုသမှုခံယူရန် အတွက် လွှဲပို့ ပေးခဲ့ရပြီး ပြီးခဲ့သည့် ဧပြီလတွင် စစ်တွေ အထွေထွေ ဆေးရုံသို့ လူနာ ၁၁ဦးသာ လွှဲပို့ ပေးနိုင် ခဲ့သည်။ နေရပ် စွန့်ခွာ တိမ်းရှောင်သူစခန်းများတွင် သွားလာ လှုပ်ရှားခွင့်များ ကန့်သတ် ထားသည့် အတွက် အန်ဂျီအိုများမှ အချိန်မီ ဆောင်ရွက် ပေးသော အရေးပေါ် ကျန်းမာရေးဆိုင်ရာ လွှဲပို့မှုများသည်သာ တစ်ခုတည်းသော

အသက်ကယ် လမ်းကြောင်းဖြစ်သည်။

နေရပ်စွန့်ခွာတိမ်းရှောင်သူစခန်းများ၏ ပြင်ပတွင်လည်း ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အဓိကကွက်လပ်များ ရှိဆဲဖြစ်သည်။ ဖေဖော်ဝါရီလအထိ နယ်စည်းမခြားဆရာဝန်များ အဖွဲ့မှ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များရှိ လူဦးရေ ၅သိန်းကျော် အတွက် အခြေခံ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ၊ ကုသမှုဆိုင်ရာ လွှဲပို့မှုများ နှင့် ခုခံအား ကျဆင်းမှု ရောဂါဆိုင်ရာ စောင့်ရှောက်မှုများကို တိုက်ရိုက် သို့မဟုတ် ကြားခံအဖွဲ့အစည်းများ မှတဆင့် ပြုလုပ် ဆောင်ရွက် ပေးခဲ့သည်။လုပ်ငန်းများ မရပ်ဆိုင်းရမှီက နယ်စည်းမခြား ဆရာဝန်များအဖွဲ့သည် မောင်တော နှင့် ဘူးသီးတောင် မြို့နယ်ဆေးရုံများသို့ လစဉ် အရေးပေါ်ကုသမှုဆိုင်ရာ လွှဲပို့မှု ၃၀၀ ခန့်ကို ပြုလုပ်ပေးခဲ့သည်။

**မသန့်ရှင်းသောရေကြောင့်ဖြစ်သည့်ရောဂါများ၏ အန္တရာယ်**

လက်ရှိ ကျန်းမာရေးဆိုင်ရာ ပြဿနာများသည် ရေနှင့်တကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အခြေအနေများ ယိုယွင်းလာခြင်းကြောင့် ပိုမိုစိုးရိမ်ဖွယ်ရာဖြစ်လာသည်။ ရေနှင့်တကိုယ်ရေသန့်ရှင်းမှုကဏ္ဍတွင် ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများသည် လာမည့်မိုးရာသီအတွက် ရေလှောင်ကန်များအား ပြင်ဆင်ပေးခြင်း၊ သန့်စင်ခန်းများအား ပြုပြင်ခြင်း၊ အညစ်အကြေးများ ဖယ်ရှားခြင်း၊ ရေစီးရေလာ ကောင်းမွန်အောင် ပြုပြင်ပေးခြင်း စသည်တို့ကို ကြိုတင် ပြင်ဆင်လျှက်ရှိသည်။ သို့သော် လူဦးရေ ၂၃,၀၀၀ ကျော်တို့မှာ သန့်ရှင်းသောရေနှင့် တကိုယ်ရေ သန့်ရှင်းမှုဆိုင်ရာ အသုံးအဆောင်တို့ကို လက်လှမ်းမမှီပဲ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့တို့၏ ကူညီထောက်ပံ့မှုအပေါ်တွင် နေ့စဉ် မှီခိုနေရသည့်အတွက် စိုးရိမ်ဖွယ်ရာဖြစ်သည်။ တစ်လကြာ လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသည့်အတွက် ရေနှင့် တကိုယ်ရေ သန့်ရှင်းမှုဆိုင်ရာ အဆောက်အဦများအား ပြုပြင်ကြီးကြပ်မှုများ အားနည်းသွားမည်ဖြစ်သည် ဟု လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့ဝန်ထမ်းများမှ တင်ပြသည်။ ရေထုတ်ယူသုံးစွဲသည့် နေရာများ ပိုမိုများပြားလာမည် ဖြစ်ပြီး သန့်စင်ခန်းများကောင်းမွန်စွာ မထိန်းသိမ်းနိုင်သည့်အတွက် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများတွင် မသန့်ရှင်းသည့် ရေမှဖြစ်သော ရောဂါများ၏ အန္တရာယ် ပိုမိုမြင့်မားလာမည်ဖြစ်သည်။

## မိုးရာသီမတိုင်မီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်း

သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံအဆင့်တို့တွင် မုန်တိုင်းကာလ မတိုင်မီ ကြိုတင်ဆောင်ရွက်လျှက်ရှိသည်။ သဘာဝဘေးအန္တရာယ် တုန့်ပြန်ရေး ဆိုင်ရာ လုပ်ငန်းများ ပိုမိုအားကောင်းစေရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် အရေးပေါ်တုန့်ပြန်မှု အစီအစဉ်တို့ကို နိုင်ငံတော်အစိုးရ၊ ပြည်တွင်းမှ မိတ်ဖက်အဖွဲ့အစည်းများ တို့နှင့်ပူးပေါင်းပြင်ဆင် ရေးဆွဲခဲ့သည်။

ရခိုင်ပြည်နယ်တွင် ကယ်ဆယ်ရေး ပစ္စည်းများစုဆောင်းခြင်း၊ သဘာဝဘေးဒဏ်တိမ်းရှောင်ရန် နေရာများတွင် ထားရှိရန် လိုအပ်သည့်အခြေအနေများ ပြည့်မီစေရေးအတွက် ဒေသခံအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များအား စီစဉ်ထားရှိခြင်း စသည်တို့ကို ပြင်ဆင်ဆောင်ရွက်ထားသည်။ သို့သော်လည်း လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ တစ်လကြာ အဟန့်အတား ဖြစ်ခဲ့သည့်အတွက် သဘာဝဘေးဒဏ် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းပြီးစီးမှုများ နှောင့်နှေးခဲ့ပြီး မိုးရာသီနှင့် မုန်တိုင်းကာလ မတိုင်မီ ဧပြီလတွင် ပြီးစီးအောင်ဆောင်ရွက်ထားရမည့် ပြင်ဆင်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် အရေးတကြီးလိုအပ်သည်။

မေလတွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) မှမွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရုံးခွဲအသစ် တိုးချဲ့ဖွင့်လှစ်ရန် စီစဉ် ဆောင်ရွက်လျှက်ရှိသည်။ ထိုသို့တိုးချဲ့ဖွင့်လှစ်ခြင်းဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် WFP ၏ အရေးပေါ် အကူအညီ ပေးအပ်မှုဆိုင်ရာ စွမ်းရည်များ သိသိသာသာ ပိုမိုထိရောက်လာမည်ဖြစ်သည်။ စားနပ်ရိက္ခာ အထောက်အပံ့များကို မိုးရာသီတွင် လမ်းပမ်းဆက်သွယ်ရေး လက်လှမ်းမမှီသော ကချင်ပြည်နယ်နှင့်ချင်းပြည်နယ် အပါအဝင် WFP ၏ ရုံးခွဲများအားလုံးတွင် ကြိုတင်ဖြည့်တင်း ထားရှိပြီးဖြစ်သည်။


<u>ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်</u>

- အီဗာ မော့ဒ်ဗစ်ဂ်၊ လူသားချင်းစာနာမှုဆိုင်ရာ အစီရင်ခံစာ တင်သွင်းရေးနှင့် ပြန်ကြား ဆက်ဆံရေး အရာရှိ၊ modvig@un.org ၊ ဖုန်း ၀၉ ၄၂၀၂ ၇၅၈၇၇
- ပီယာ ပီရမ်း၊ ပြန်ကြားရေးအရာရှိ၊ peronp@un.org ၊ ဖုန်း ၀၉ ၂၅၀၁ ၉၈၉၉၇
- OCHA လူသားချင်း စာနာမှုဆိုင်ရာ သတင်းလွှာများကို www.reliefweb.int တွင်လည်း ရယူနိုင်ပါသည်။